
သဉ္ဇာမိုးဦး
လူဆိုးမလေး အချစ်

# အခန်း - ၁

"ဟေး ... ယွန်း၊ နင့်ကို မိပြီ။ နင် လိုက်ဖမ်းအလှည့်ပဲ"

လေးနှစ်အရွယ် ကလေးမလေးသုံးယောက် လိုက်တမ်းပြေးတမ်း ဆော့ကစားနေကြသည် ။ ယွန်းဆိုသော ကလေးမလေး၏ လိုက်ဖမ်းလှည့်ရောက်တော့ ထိုကလေးမလေးက မျက်နှာရှုံ့မဲ့ကာ ပြောလေသည် ။

"ငါ မလိုက်ဖမ်းနိုင်ပါဘူး။ ငါက ပြေးမှာ ။ နင်တို့ ပဲ အမြဲတမ်း လိုက်ရမှာ "

ယွန်း၏ စကားသံကြားတော့ ကျန်သည့် ကလေးမလေးနှစ်ယောက် စိတ်ဆိုးပြီး ရန်တွေ့တော့သည် ။

"ယွန်း နင် အကျင့်မကောင်းဘူး။ နင့်အလှည့်ဆို အမြဲ စိတ်ပုပ်တယ် ။ နောက် နင်နဲ့ လုံးဝ မဆော့ဘူး။ သဇင် ... လာ သွားကြရအောင်"

"အေး ... ချစ်နှင်း သွားကြမယ်။ ယွန်းနဲ့ နောက်ဘယ်တော့မှ လာမဆော့တော့ဘူး"

ယွန်းကို ပြောဆိုပြီး ထွက်သွားကြသည့် သူတို့ နှစ်ယောက်ကို မကျေမနပ်ကြည့်ရင်း တစ်ယောက်တည်း ရေရွတ်မိသည် ။

"နင်တို့ မဆော့တော့ ပိုတောင် ကောင်းသေးတယ်။ ငါ့အရုပ်တွေနဲ့ ပဲ တစ်ယောက်တည်း ဆော့တော့မယ် ... ဟွန်း"

ယွန်း နှုတ်ခမ်းလေးစူကာ ခြေဆောင့်ပြီး အိမ်ထဲကို ဝင်လိုက်သည် ။

"သမီးလေး ဘာဖြစ်လို့ လဲ"

ယွန်း ခြေဆောင့်ပြီး ဝင်လာတော့ ဧည့်ခန်း သန့်ရှင်းရေး လုပ်နေသည့် မေမေက သတိထားမိပြီး မေးတော့သည် ။ မေမေ့စကားလည်း အကြား ယွန်း မျက်ရည်ဝိုင်းလာသည် ။

"မေမေ ယွန်းနဲ့ သူတို့ မကစားတော့ဘူးတဲ့ အဟင့် ... အီး ... ဟီး ... ဟီး ..."

"ဩော် ... သမီးလေးရယ် ... မငိုနဲ့ ... တိတ်နော်။ မေမေ သမီးနဲ့ ကစားပေးမှာ ပေါ့ကွယ်"

ဒေါ်မြယွန်းက ငိုနေသည့် သမီးလေးကို ဖက်ထားပြီး ချော့နေမိသည် ။ သမီးလေးကို ငယ်ငယ်ထဲက အလိုလိုက်ထားပြီး သူမ လိုချင်သမျှ ဖြည့်ဆည်းပေးခဲ့သည် ။ ဒါကြောင့် ယွန်းလေးက သူမ ဖြစ်ချင်တာ၊ လုပ်ချင်တာကလွဲရင် တခြားသူအကြောင်း မတွေးတတ်။ အမြဲ အနိုင်လိုချင်နေတော့ သူငယ်ချင်းတွေက သည်းမခံနိုင်ကြ။ နောက်ဆုံး ယွန်းလေး တစ်ယောက်တည်း ဖြစ်နေတော့သည် ။

အားလုံး၏ ရှေ့မှာ ဂျစ်ကန်ကန် စွာတေးမလေးက သူ့အမေရှေ့မှာတော့ ခံစားရသမျှ အတိုးချ ငိုနေလေတော့သည် ။

"မေမေ ..."

"ရှင် ... သမီးလေး ... ပြောလေ"

"သမီးနဲ့ ဆော့ပေးမယ့် သူငယ်ချင်း လိုချင်တယ်"

"ဒါဆို သမီးလေး သူငယ်ချင်းတွေနဲ့ ဆော့ရင် သူတို့ ဖြစ်စေချင်တာ

လုပ်ပေးရမှာ ပေါ့။ ဒါမှ သူတို့ သမီးနဲ့ ဆော့ချင်မှာ ပေါ့ကွယ်"

"မရပါဘူး။ ယွန်း သူတို့ ခိုင်းတာ မလုပ်နိုင်ဘူး။ ယွန်းခိုင်းတာပဲ သူတို့ လုပ်ရမှာ "

"သမီး ... အဲဒီလိုဆို ဘယ်ဖြစ်မလဲ ..."

"မေမေ ... ဟင့် ... ဟင့် ..."

"သမီးလေး ... ဘာလို့ ငိုနေတာလဲ ..."

"ဟင် ... ကို ... ကုမ္ပဏီက ပြန် လာပြီလား ..."

"ဖေဖေ ..."

ဦးမြတ်မင်းသည် ငိုပြီး ပြေးလာသည့် သမီးလေးကို ချီလိုက်ရင်း မျက်နှာပေါ်မှာ စီးကျနေသည့် မျက်ရည်တွေကို အသာအယာ သုတ်ပေးလိုက်သည် ။

"သမီး ... ဘာဖြစ်လို့ ငိုနေတာလဲ။ သမီးကို ဘယ်သူလုပ်လဲ ...ဖေဖေ့ကို ပြော ..."

"ယွန်းနဲ့ ဘယ်သူမှ မကစားကြတော့ဘူး ... အီး ... ဟီး ... ဟီး ..."

ဖေဖေ့ မေးခွန်းကြားတော့ ယွန်း အားရပါးရ ပြန်ငိုတော့သည် ။

ဦးမြတ်မင်းက မျက်မှောင်ကြုတ်ရင်း သမီးလေးကို မျက်ရည်တွေ သုတ်ပေးမိသည် ။

"သမီးရယ် ဒါငိုစရာလား။ သမီးအတွက် ဖေဖေ သူငယ်ချင်း ရှာပေးမှာ ပေါ့"

"တကယ်လား ...ဖေဖေ ..."

"ဒါပေါ့ ... သမီးလေးရဲ့ ..."

"ဖေဖေ ရှာပေးမယ့် သူငယ်ချင်းက သမီးကို မထားသွားဘူးပေါ့နော် ..."

"ဒါပေါ့ ... သမီးလေး ဖြစ်ချင်တာ မှန်သမျှ ဖြည့်ပေးမယ် ..."

"ဟေး ... ဒါမှ ယွန်းဖေဖေကွ ..."

"သမီးအတွက် အရုပ်တွေ ဝယ်လာတယ် ... ကားထဲမှာ ..."

"ယွန်း သွားယူလိုက်မယ် ..."

ပါးဖောင်းဖောင်းလေးနှင့် ချစ်စရာကောင်းအောင် ပြုံးပြီး ပြေးသွားသည့် ယွန်းလေးကို ကြည့်ပြီး ဒေါ်မြယွန်း သက်ပြင်းချမိသည် ။

"ကို ... သမီးကို သိပ်အလို မလိုက်ပါနဲ့ ။ အခုနောက်ပိုင်း သမီးလေးက သူလိုချင်တာ မရရင် သောင်းကျန်းတတ်နေပြီ"

"မြရယ် ... ကိုယ်တို့ မှာ သမီးလေး တစ်ယောက်တည်း ရှိတာလေ။ သူဖြစ်ချင်တာ ဖြည့်ဆည်းပေး ရမှာ ပေါ့။ နောက်ပြီး သမီးက ငယ်သေးတယ်လေ။ သမီး စိတ်တိုင်းကျ နေခိုင်းလိုက်ပါ ..."

"ဒါဆို ... ကို ... သမီးအတွက် သူငယ်ချင်း ရှာပေးမယ်ဆိုတာ ..."

"အင်း ... မနက်ဖြန် ... ကိုယ် မိဘမဲ့ကျောင်း သွားမယ် ..."

"ဘယ်လို ... ကို ... ဘာတွေ စဉ်းစားနေတာလဲ ..."

"သမီးလေး တစ်ယောက်တည်း အထီးကျန်နေတာမျိုး မဖြစ်စေချင်ဘူး။ ကိုယ်တို့ လည်း ကလေးထပ်ယူဖို့ မဖြစ်နိုင်ဘူးဆိုတော့ သမီးလေး အတွက် အဖော်ရအောင် ကလေးတစ်ယောက်ကို မွေးစားရမယ်"

"ကို ... သေချာ စဉ်းစားပါဦး ..."

"အရင်ထဲက စဉ်းစားခဲ့တာ။ အခု ပိုသေချာသွားပြီ။ မြ ... ကိုယ့်ဆုံးဖြတ်ချက်ကို မကန့်ကွက်ဘူး မဟုတ်လား ..."

"မြတို့ မိသားစုထဲ သူစိမ်းတစ်ယောက်ကို ဆွဲမသွင်းချင်ဘူး။ ဒါပေမဲ့ ကိုယ့်ဆုံးဖြတ်ချက်ကို မြ မတားပါဘူး ..."

"အင်း ... နားလည်ပေးတာ ကျေးဇူးတင်ပါတယ် မြ ..."

"မြတို့ ကြားမှာ ကျေးဇူးတင်စကား မလိုပါဘူး ... ကို"

"အင်း ... ဟုတ်ပါပြီ ... ကို ရေချိုးလိုက်ဦးမယ် ..."

"ဟုတ်ကဲ့ ... ကို ... မြ ...ထမင်း၊ ဟင်း ပြင်ဆင်ထားလိုက်ဦးမယ် ..."

ဒေါ်မြယွန်းသည် လေးလံနေသည့် စိတ်ကို ခဏမေ့ပြီး မီးဖိုချောင်ဆီ သွားပြီး စားသောက်ဖို့ ပြင်ဆင်တော့သည် ။

***

"ဟော့ မင်းဘာတွေ လျှောက်ခြစ်နေတာလဲ ..."

ရှိုင်းသည် မိဘမဲ့ ကျောင်းဝန်းလေးထဲက ခုံလေးမှာ ထိုင်ရင်း ပုံဆွဲနေတုန်း စကားလာပြောသည့် သူကို ကြည့်တော့ ရှိုင်းထက် အသက်နှစ်နှစ်ကြီးပြီး လူကောင်ထွားသည့် မင်းထက်ဆိုသော သူပင်။ မင်းထက်က သူ့ထက်ငယ်သည့် ကျောင်းထဲက ကလေး တော်တော်များများကို အနိုင့်ကျင့်တတ်သည် ။ သူနှင့် ထိပ်တိုက်မတိုးအောင် ရှိုင်း တတ်နိုင်သလောက် ရှောင်နေခဲ့ပေမဲ့ ယခု ရှိုင်းဆီ ရောက် လာပြီး အနိုင်ကျင့်တော့မည့် အခြေအနေကို မြင်နေရသည် ။ ဒါပေမဲ့ လျစ်လျူရှုရင်း ဆွဲနေ

သော ပုံလေးကို ပြန်ဆွဲနေသည် ။

"ငါ့အမေပုံ ဆွဲနေတာ ..."

"ဘာ ... မင်းအမေ ... ဟုတ်လား။ မင်းက မိဘမဲ့လေ။ ဘာလို့ မင်း အမေပုံ ဆွဲနေရတာလဲ။ မင်းက လူလိမ် ..."

" မဟုတ်ဘူး ... ... ငါ့မှာ အမေရှိတယ်။ ငါ့အမေက ငါ့ကို ပြန်လာ ခေါ်မယ်လို့ ကတိပေးသွားတယ် ..."

"အပိုတွေ ... မင်းက မိဘမဲ့ပဲ။ ပေး ... ဒီစာရွက်။ လျှောက်ဆွဲမနေနဲ့ ..."

"ဗြဲ"

ရှိုင်း၏ လက်ထဲက စာရွက်လေးကို မင်းထက်က ဆွဲယူပြီး တစ်စဆီ ဆွဲဖြဲ လိုက်လေသည် ။ ရှိုင်း၏ ရင်ထဲ ဆစ်ခနဲ နာကျင်သွားရပြီး ထိုင်နေ ရာမှ ထကာ မင်းထက်ကို ဆောင့်တွန်းလိုက်မိသည် ။ မင်းထက် ယိုင် သွားပြီး ပြုတ်မကျပေမဲ့ သူ့ဒေါသ ဆွသလို ဖြစ်သွားသည် ။

"ခွေးကောင် မင်းကများ ငါ့ကို တွန်းရဲတယ်ပေ့ါ ... ဟုတ်လား ... ကဲ ကွာ ..."

"ခွပ် ..."

ရှိုင်း၏ မျက်နှာကို အဆက်မပြတ် ထိုးကြိတ်နေသော မင်းထက်၏ လက်သီးတွေကြောင့် နာကျင်နေပေမဲ့ ငြိမ်နေလိုက်သည် ။ အပေါ်ယံ နာ ကျင်မှုဆိုတာ ရှိုင်းအတွက် မပြောပလောက်ပါ။

"ဟေး ... ဒါဘယ်လို ဖြစ်နေတာလဲ ..."

ဆရာမ၏ အသံ ပေါ် လာပြီးနောက် ရှိုင်းအပေါ် ကျရောက်နေသော

ထိုးကြိတ်ရိုက်ပုတ် နေမှုတွေ ရပ်တန့်သွားသည် ။

***

ဆရာမ၏ ရုံးခန်းထဲမှာ ရှိုင်းနှင့် အတူ မင်းထက်ပါ ထိုင်နေရသည် ။

"ကဲ ပြောပါဦး။ ရန်မဖြစ်ရဘူးလို့ စည်းကမ်းထုတ်ထားတာတောင် ဖောက်ဖျက်တယ်။ အကြောင်းပြချက်က ဘာလဲ။ ဘာကြောင့် ရန်ဖြစ်ရတာလဲ ... "

သိပ်မကြာခင်က သတ္တိကောင်းနေသော မင်းထက်သည် ယခု ဆရာမ၏ ရှေ့မှာ မျက်နှာငယ်လေးနှင့် ခေါင်းငုံ့နေလေသည် ။ ရှိုင်း၏ နှုတ်ခမ်းထောင့်လေး မသိမသာ တွန့်ကွေးသွားသည် ။

"ကျွန်တော် ပုံဆွဲနေတဲ့ စာရွက်ကို မင်းထက် အရင်ဖြဲလိုက်လို့ ပါ"

"ဟုတ်လား မင်းထက်။ မင်းဘာလို့ ပြဿနာ ရှာရတာလဲ"

"သူ ပေါက်ရပြောလို့ ပါ ဆရာမ"

"ဘာပြောလို့ လဲ"

"ကျွန်တော်တို့ အားလုံးက မိဘမဲ့မို့ ဒီကို ရောက်လာရတာပါ။ ဒါပေမဲ့ ရှိုင်းခန့်က အမေရှိတယ်ဆိုပြီး လိမ်ပြောနေလို့ "

ဆရာမ၏ မျက်နှာ ပျက်သွားပြီး ရှိုင်းကို စိုက်ကြည့်လေသည် ။

"မင်းထက် မင်းသွားနှင့် တော့ ..."

"ဗျာ ..."

"မသွားသေးဘူးလား။ အပြစ်ပေး ခံချင်တာလား"

"မဟုတ်ပါဘူး ဆရာမ။ ကျွန်တော် သွားတော့မယ်"

မင်းထက်က အပြစ်ပေး မခံရတာကြောင့် ပျော်ရွှင်စွာနှင့် ပြေးထွက်သွားလေသည် ။ ရှိုင်းမှာ တော့ ဆရာမကို နားမလည်နိုင်စွာ မျက်လုံး အဝိုင်းသားနှင့် ကြည့်နေမိသည် ။

"ရှိုင်းခန့်"

"ဗျာ ... ဆရာမ"

"မင်းက မိဘမဲ့တစ်ယောက်ပဲ"

" မဟုတ်ဘူး ... ဆရာမ။ ကျွန်တော့်မှာ အမေရှိတယ် ..."

"အဟင်း ... ဟင်း"

ဆရာမက ခပ်တိုးတိုး ရယ်လေသည် ။

"ဟုတ်လား၊ မင်းအမေ မင်းကို ဘာလို့ ဒီကိုပို့လဲ သိလား။ သူနောက်အိမ်ထောင် ပြုမလို့ ပဲ။ အခုဆို သူက နောက်မိသားစု အသစ်နဲ့ ပျော်ရွှင်နေပြီ။ ဒီတော့ မင်းက စွန့်ပစ်ခံလိုက်ရတဲ့ ကလေးတစ်ယောက်ပဲ။ ဒါကြောင့် မင်းမိဘမဲ့ဆိုတာ လက်ခံပြီး ဒီမှာ အဆင်ပြေအောင် နေရမယ် ရှိုင်းခန့်"

" မဟုတ်ဘူး ။ ဆရာမ ပြောသလို မဟုတ်ဘူး "

"ငါပြောနေတာ အမှန်တွေပဲ ရှိုင်းခန့်။ မင်းအမေ မင်းကို တကယ်ချစ်ရင် ဒီကို လာပို့မလား"

" မဟုတ်ဘူး "

ရှိုင်း ခပ်တိုးတိုး ရေရွတ်ပြီး ငိုကြွေးမိသည် ။ ဆရာမ ပြောသလို မေ

မေက နောက်အိမ်ထောင်ပြုဖို့ ကျွန်တော့်ကို ဒီမှာ လာစွန့်ပစ်ခဲ့တာလား ...

မျက်ရည်တွေနှင့် ရှိုင်းကိုကြည့်ရင်း ဆရာမကတော့ တိတ်တိတ်လေး သက်ပြင်းချမိလေသည်။

***

# အခန်း - ၂

ယွန်းသည် ခြံထဲက ခုံလေးမှာ ထိုင်နေတာ အချိန် အတော်ကြာနေပြီ ဖြစ်သည် ။ ဖေဖေက ဒီနေ့ ပြန်လာရင် ယွန်းအတွက် သူငယ်ချင်းတစ်ယောက် ခေါ်လာမည်ဟု ပြောသောကြောင့် ပင်။

ယွန်းတွေ့ရမည့် သူငယ်ချင်းအကြောင်း တွေးရင်း စိတ်လှုပ်ရှား နေမိသည် ။ ထိုအချိန် ဖေ့ဖေ့ကားလေး ခြံထဲဝင် လာလေသည် ။ ဖေဖေကားပေါ်က ဆင်းပြီး အနောက်ခန်းတံခါး ဖွင့်ပေးတော့ ကောင်လေးတစ်ယောက် ဆင်း လာလေသည် ။

"ဖေဖေ ..."

"သမီးလေး ... ဒီမှာ သမီးအတွက် သူငယ်ချင်း၊ သူ့နာမည် ရှိုင်းခန့်တဲ့ ... ဒီနေ့ကစပြီး ဖေဖေတို့ နဲ့ အတူနေတော့မှာ ။ သမီးလေးထက် သုံးနှစ်ကြီးတယ်။ ကိုကိုလို့ ခေါ်နော် ..."

"ကိုကို ..."

ယွန်းက ခပ်တိုးတိုးရေရွတ်ရင်း ဖေ့ဖေ့ဘေးက ကောင်လေးကို ကြည့်မိသည် ။ ယွန်းထက် အရပ်ရှည်သည့် ကောင်လေးက အဝတ်အစားက နွမ်းဖတ်ပြီး ညစ်ပတ်ပေရေနေသည် ။ သည် လိုလူမျိုးက ယွန်း၏ သူငယ်ချင်းတဲ့ လား ...

"ဖေဖေ ... ယွန်း ... သူ့ကို မလိုချင်ဘူး။ သူက ညစ်ပတ်တယ် ..."

ရှိုင်းကို ညစ်ပတ်တယ်လို့ အော်ပြောနေသည့် ကောင်မလေးကို မကျေမနပ် ကြည့်မိသည် ။ ရှိုင်း သည် မှာ နေနိုင်ဖို့ ဆိုရင် သည် ကောင်မလေး ကြည်ဖြူမှ ဖြစ်မည်။ ဒါကြောင့် စိတ်ဆိုးသည့် အမူအရာ မပေါ်စေဘဲ ခေါင်းကိုသာ ငုံ့ထားမိသည် ။

"သမီး သူက အဝေးကြီးက လာတာဆိုတော့ ရေမချိုးရ သေးဘူးလေ ။ သမီးလေးက လိမ္မာပါတယ်။ လာ ... အိမ်ထဲ သွားရအောင် ..."

ယွန်းက နှုတ်ခမ်းကိုမဲ့ပြီး အိမ်ထဲကို ပြေးဝင်သွားသည် ။

"လာ ... ရှိုင်းခန့် ... အိမ်ထဲ ဝင်ရအောင် ..."

"ဟုတ်ကဲ့ ... ဦး ..."

"မေမေရေ ... မေမေ"

"သမီး ဘာဖြစ်လို့ လဲ ..."

"ဟိုမှာ ..."

ဒေါ်မြယွန်းက သမီး ညွှန်ပြသည့်နေရာကို ကြည့်တော့ ကိုနှင့်အတူ ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရသည် ။

"မြ ... ဒါကိုယ်တို့ ရဲ့ မိသားစုဝင် အသစ် ... သူ့နာမည် ရှိုင်းခန့်တဲ့ ..."

"အင်း ..."

"ရှိုင်းခန့် ဒါ ဦးရဲ့ မိန်းမ ဒေါ်မြယွန်းတဲ့ ။ ဒါကတော့ ဦးရဲ့ သမီး ... ယွန်းမြတ်ချယ် ..."

"ဟုတ်ကဲ့ ..."

"မိဘမဲ့ကျောင်းမှာ ကလေးတွေ အများကြီး ရှိရဲ့ သားနဲ့ မင်းကို ဘာလို့ ခေါ်လာလဲ သိတယ် မဟုတ်လား ... ရှိုင်းခန့်"

"ဟုတ်ကဲ့ ကျွန်တော် သိပါတယ် ..."

"မင်းပြောတဲ့ စကားကို မင်းတစ်သက်လုံး မှတ်ထားပါ။ ငါ့သမီးလေးကို စောင့်ရှောက်ပါ ..."

"ဟုတ်ကဲ့ပါ ... ဦး ..."

"လာ ... သား ... ရှိုင်းခန့်၊ ရေချိုးပြီး ထမင်းစားရအောင်။ အန်တီ ရေချိုးခန်း လိုက်ပို့ပေးမယ် ..."

"ဟုတ်ကဲ့ ... အန်တီ"

ရှိုင်းခန့်သည် ရေချိုးနေရင်း ဦးမြတ်မင်းနှင့် နေ့ခင်းက စတွေ့သည့် အချိန်ကို ပြန်တွေးမိသည် ။

ဦးမြတ်မင်းက ကလေးတစ်ယောက်ကို မွေးစားမည်ဆိုတော့ မွေးစားခံရမည့်သူ ဖြစ်ချင်မိသည် ။ သည် မှာ အခြားသူတွေ အနိုင်ကျင့်ခံရပြီး နေရသည် ထက်စာရင် ချမ်းသာသည့် သူတွေနှင့် အေးအေးချမ်းချမ်း နေချင်မိသည် ။ အကောင်းဆုံး ရှင်သန်နေထိုင်ပြီး ကျွန်တော့်ကို စွန့်ပစ်သွားခဲ့သည့် မေမေနှင့် ပြန်တွေ့လျှင် နောင်တရစေချင်သည် ။

ကောင်မလေးတစ်ယောက်ကို ဦးမြတ်မင်းက မေးနေတာ လှမ်းကြားမိတော့ ရှိုင်း ဦးမြတ်မင်း၏ အနားကို အပြေးသွားမိသည် ။

"ဟေး ... ကလေးမ ... ဖြေလေ။ မင်း ငါ့သမီးနဲ့ အတူ အဖော်လုပ်ပေးရမယ်။ ဦးနဲ့ လိုက်မှာ လား ..."

"မလိုက်ချင်ဘူး ... ဟင့် .ဟင့်"

"ဦး ... ကျွန်တော် လိုက်ခဲ့လို့ မရဘူးလားဟင်။ ကျွန်တော် ဦးဖြစ်စေချင်သလို နေပဲ့ါမယ်။ ကျွန်တော့်ကို ခေါ်သွားပါနော်။ ကျွန်တော် ဒီမှာ မနေချင်လို့ ပါ ..."

"မင်း နာမည်က ..."

"ကျွန်တော့် နာမည် ရှိုင်းခန့်ပါ ...အသက်က ၇ နှစ် ရှိပါပြီ ..."

"ဦးမှာ သမီးလေးတစ်ယောက် ရှိတယ်။ သူက တစ်ယောက်တည်းမလို့ အဖော်ရအောင် ကလေးတစ်ယောက် မွေးစားချင်တာ။ မင်း ငါ့သမီးလေးနဲ့ အဆင်ပြေမယ် ထင်လား။ သူ့ကို အမြဲ မင်း အလျော့ပေး ဆက်ဆံရမှာ နော် ..."

"စိတ်ချပါ ... ဦး။ ကျွန်တော် ဦး ဖြစ်စေချင်တဲ့ အတိုင်း နေပဲ့ါမယ် ..."

"ကောင်းပြီလေ ..."

ဒါကြောင့် ဦးမြတ်မင်းနှင့်အတူ အိမ်ကို လိုက်လာခဲ့ရခြင်း ဖြစ်သည် ။ ရှိုင်းကို အမြင်မကြည်သည့် ဟိုမျက်နှာ ဆူပုတ်ပုတ်နှင့် ယွန်းမြတ်ချယ်ဆိုသည့် ကောင်မလေးနှင့် အဆင်ပြေအောင် ဘယ်လို ကြိုးစားရမလဲ တွေးရင်း ရင်မောနေမိတော့သည် ။

***

"သား ဒီမှာ ထိုင် ..."

ဒေါ်မြယွန်း ထိုင်ခိုင်းသည့် ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်သည် ။

"မေမေ ယွန်း သူနဲ့ အတူ မစားချင်ဘူး ... ဖေဖေ ... ပြောဦးလေ ..."

"သမီး ... အဲဒီလို မပြောရဘူးလေ ..."

မေမေဆူတော့ ယွန်းက နှုတ်ခမ်းကိုမဲ့ထားပြီး ဖေဖေ့ကို လှမ်းကြည့်မိသည် ။ ဖေဖေက ယွန်းကို အမြဲ အလိုလိုက် နေကြဆိုတော့ ခုလည်း ယွန်းကို အလိုလိုက်မှာ ပင်။ သို့သော် ...

"သမီးလေး ... ရှိုင်းခန့်က အခု သမီးရဲ့ အစ်ကို ဖြစ်သွားပြီ။ သမီးရဲ့ သဘောတိုင်း ဖေဖေ သူငယ်ချင်းတစ်ယောက် သမီးအတွက် ခေါ်လာပေးခဲ့ပြီလေ။ သမီး ရှိုင်းခန့်ကို ကောင်းကောင်း မွန်မွန် ဆက်ဆံရမယ်နော် ... ကြားလား ..."

ယွန်းကို ဖေဖေက ပထမဆုံးအကြိမ် မလိုက်လျောသည့် အပြင် သတိပေးစကားပါ ပြောခံရတာကြောင့် ယွန်းသည် ငိုမဲ့မဲ့ ဖြစ်သွားရသည် ။

"ဟုတ်ကဲ့ ... ဖေဖေ ..."

"သမီးလေးက လိမ္မာတယ်။ ထမင်းစားကြရအောင်။ ရှိုင်းခန့် ထည့်စားနော် ..."

"ဟုတ်ကဲ့ ... ဦး"

ယွန်းသည် ထမင်းစားနေရင်း ရှိုင်းခန့်ဆိုသူကို မကျေမနပ် စိုက်ကြည့်မိသည် ။ ရောက်ရောက်ချင်းကလို ညစ်ပတ်မနေဘဲ သန့်ပြန့်နေသည် ။ ယွန်း သူ့ကိုကြည့်နေတာတောင် တစ်ချက် ပြန်မကြည့်၊ ထမင်းကိုသာ အေးအေးဆေးဆေး စားသောက်နေသည် ။

ယွန်းသည် ရှိုင်းခန့်ကို အမြင်မကြည်ဘဲ ဒေါသတွေကို တေးထားလိုက်သည် ။

***

"ဟဲ့ ... ယွန်း သရက်သီး စားချင်တယ် ခူးပေး ..."

"ခဏစောင့်၊ အန်တီ့ကို ပြောပြီး သွားဝယ်ပေးမယ် ..."

"မပြောနဲ့ ... ခြံအနောက်မှာ သရက်ပင်ရှိတယ်။ အဲဒီမှာ သရက်သီးတွေ အများကြီးပဲ။ စားချင်တယ် ... ခူးပေး ... နော် ... ကိုကို"

ရှိုင်း၏ မျက်နှာ မကြည်မသာနှင့် ခေါင်းညိတ်လိုက်ရသည် ။ သည်ရောက်နေတာ သုံးရက်အတွင်းမှာ ယွန်း၏ အကျင့်တွေကို နားလည်နေပြီ၊ သူမခိုင်းတာ မလုပ်ပေးလျှင် ပြဿနာ ရှာတော့မည်။

"အင်း ... ပြီးရော ..."

ရှိုင်းသည် လှေကားအသေးကို ယူပြီး အပင်ပေါ် ခက်ခက်ခဲခဲ တက်လိုက်သည် ။ ထို့နောက် သရက်သီးကို ကြိုးစား ခူးယူနေသည် ။

"ဒီလောက်ဆို ရပြီလား ...ယွန်း ..."

ပြန်ဖြေသံ မကြားတာကြောင့် ငုံ့ကြည့်တော့ ယွန်းက မရှိတော့၊ ထို့အပြင် လှေကားလည်း မြေပြင်ပေါ် လဲကျနေလေသည် ။ ရှိုင်း သက်ပြင်းတစ်ချက် ချလိုက်မိသည် ။ ယွန်းတစ်ယောက် လက်ချက်ပင်။ သရက်သီးထည့်ထားသည့် အိတ်ကို မြေပြင်ပေါ် ပစ်ချပြီး အပင်ပေါ်မှ ဖြည်းဖြည်းဆင်းလေသည် ။ ဒါပေမဲ့ ဆင်းနေရင်း ခြေချော်သွားလေသည် ။

"အား"

မြေပြင်နှင့် သိပ်မဝေးသည့် အခြေအနေမှာ ကျသွားသည့် အတွက်ခြေလက်တွေ မကျိုးပဲ့ သွားကိုပဲ ရှိုင်း ကျေးဇူးတင်မိသည် ။ ဒါပေမဲ့

ပြုတ်ကျသည့် အရှိန်ကြောင့် ရိုက်ခံထားရသလို နာကျင်နေရသည် ။ ကြိုးစားပြီး ထရင်း သရက်သီးအိတ် ကောက်ယူပြီးအလာ ဟိုဘက်မှာ ရပ်ကြည့်နေသော ယွန်းကို တွေ့လိုက်ရသည် ။ သူမ၏ မျက်နှာပေါ်က ကျေနပ်ပြုံးကြောင့် ရှုံ၏ ရင်ထဲ ဆစ်ခနဲ နာကျင်သွားရသည် ။

***